
# ကွန်ကရစ်စုပ်စက်ကားများလည်ပတ်သောစဉ်သတိထား၇န်

## (၁)ကွန်က၇စ်စုပ်စက်တွင်မြင့်မားသောဖိအားများသက်ရောက်နေသည်


ကွန်က၇စ်စုပ်စက်တွင်မြင့်မားသောဖိအားများသုံး၍ကွန်က၇စ်စုပ်တင်ခြင်းများပြုလုပ်သဖြင့်အန္တ၇ယ်သောအလုပ်ဖြစ်သည်။စုပ်တင်ခြင်းတွင်လိုအပ်သောစုပ်အားကများလေလေ၊သယ်ယူပို့ဆောင်ရေးပိုက်များပြတ်တောက်ခြင်းကဲ့သို့သောမတော်တဆမှုများဖြစ်တက်၍သတိထား၍အလုပ်လုပ်သင့်သည်။



ဖိအားမြင့်သုံး၍ကွန်က၇စ်စုပ်တင်သည့်ကား

## (၂)ကွန်ကရစ်အရောကားအားလမ်းညွှန်မှုမလုပ်ရန်


ကွန်ကရစ်အရောကားလမ်းညွှန်မှု(သို့)ကွန်ကရစ်အရောကား၏ကွန်ကရစ်ထုတ်လမ်းကြောင်းအားကိုင်တွယ်ခြင်းများသည်၊ကွန်ကရစ်အရောကားနှင့်ကွန်ကရစ်စုပ်ကားအကြားညှပ်မိခြင်းကဲ့သို့ကြီးမားသောအန္တရာယ်များဖြစ်တတ်သဖြင့်မပြုလုပ်ရပါ။ လမ်းညွှန်မှုကိုကျွမ်းကျင်ပညာရှင်မှသာလုပ်ဆောင်ရမည်။




ကွန်ကရစ်အရောကားနှင့်ကွန်ကရစ်စုပ်ကားအကြားညှပ်မိခြင်း

## (၃)ဟော့ပါမျက်နှာပြင်ပေါ်တွင်အလုပ်မလုပ်ရ


ဟော့ပါမျက်နှာပြင်ပေါ်တက်ပါက၊မျက်နှာပြင်ကြားအလွတ်မှတဆင့်ခြေထောက်သည်ဟော့ပါထဲချော်ကျတက်၍အသွားပါမွှေစက်ထဲကျခြင်းများဖြစ်ပေါ်တတ်သဖြင့်ဟော့ပါမျက်နှာပြင်ပေါ်မတက်ရ။



ဟော့ပါမျက်နှာပြင်ကြားအလွတ်မှတဆင့်ခြေချော်ကျခြင်း

## (၄)ကွန်ကရစ်စုပ်ပိုက်အားသတ်မှတ်ထားသောအလုပ်မှလွဲ၍အသုံးမပြုရ။


ကွန်ကရစ်စုပ်ပိုက်တွင်ပိုက်လုံးများချိတ်ဆွဲရွှေ့ခြင်းများလုပ်ပါက၊ကွန်ကရစ်စုပ်ပိုက်သည်အလေးချိန်ကြောင့်ကျိုးပြတ်ခြင်းများဖြစ်တတ်သည်။ကွန်ကရစ်စုပ်စက်ထရပ်ကား၏အဓိကအသုံးပြုခြင်း မှလွဲ၍
အခြားအရာအတွက်မသုံးပါနှင့်။




ကား၏အဓိကအသုံးပြုခြင်းမှလွဲ၍အခြားအရာအတွက်မသုံးရ

# (၅)ကွန်ကရစ်စုပ်ပိုက်အောက်တွင်အလုပ်မလုပ်ရ

ကွန်ကရစ်စုပ်ပိုက်အောက်တွင်၊အလုပ်သမားများဝင်ရောက်သွားလာခြင်းမပြုခိုင်းရ။ပိုက်ကျိုးသွားပါကအောက်တွင်ပိမိနေခြင်းများဖြစ်တတ်သည်။




ပိုက်အောက်တွင်အလုပ်လုပ်ခြင်းမပြုရ



ပိုက်ကျိုး၍အောက်တွင်ပိမိနေခြင်း

## (၆) အလွန်အကျွံမြန်နှုန်းသုံး၍အလုပ်မလုပ်ပါနဲ့


အလွန်အကျွံမြန်နှုန်းစုပ်တင်ခြင်းများပြုလုပ်ပါက၊သယ်ယူပို့ဆောင်ရေးပိုက်များကွဲထွက်ခြင်း၊ကွန်ကရစ်များကြဲပြန့်ခြင်းများဖြစ်ပေါ်တတ်သည်။ကွန်ကရစ်လောင်းခြင်း၊သိပ်ထည့်ခြင်းအမြန်နှုန်းညှိ၍လုပ်ဆောင်သင့်သည်။




ကွန်ကရစ်လောင်းခြင်း၊သိပ်ထည့်ခြင်းအားမြန်နှုန်းညှိ၍လုပ်ဆောင်ခြင်း

## (၇)လေပြင်းနှင့်လျှပ်စီးလက်ချိန်ပိုက်ရှည်သုံးအလုပ်အတွက်သတိပြုရန်။

ပျမ်းမျှလေတိုက်နှုန်း၁၀မိနစ်၁၀မိနစ်နှင့်အထက်ရှိပါကသို့မဟုတ်အမြင့်ဆုံးလေတိုက်နှုန်း၁၆မီတာ/စက္ကန့်သို့မဟုတ်ထိုထက်ပိုသောအခါပိုက်ရှည်ကိုမသုံးပါနှင့်။ ထို့အပြင်လျှပ်စီးလက်ခြင်းများရှိသည့်အခါလျှပ်စစ်ရှော့ခ်ဘေးအန္တရာယ်ကိုကာကွယ်ရန်အလုပ်ကိုရပ်တန့်ပြီးပိုက်ရှည်ကိုသိမ်းဆည်းပါ




လေပြင်းတိုက်ချိန်မသုံး၇





လျှပ်စီးလက်ချိန်မသုံး၇

## (၈)ပိုက်ရှည်ကားနှင့်မြှင့်တင်ကိရိယာအားဖြုတ်သိမ်းခြင်း၊ရွှေ့လျားခြင်း

လုပ်ငန်းခွင်အတွင်းကွန်ကရစ်ကားနေရာရွှေ့သောအခါ၊ဆိုဒ်ထဲရှိယာယီအရာဝတ္ထုများ၊အမြင့်နေရာမှဝါယာကြိုးများနှင့်မတော်တဆထိမိခြင်းမှုကာကွယ်ရန်၊ပိုက်ရှည်အား၊အားလုံးသိမ်းဆည်းခြင်း၊မြှင့်တင်ကိရိယာကိုအားလုံးသိမ်းဆည်းခြင်း၊လောခ်ပင်ချောင်းနှင့်ချိန်းကြိုးစသည့်ခုန်ထွက်ခြင်းကာကွယ်တားဆီးရေးကိရိယာများကိုသေသေချာချာတပ်ဆင်ပြီးမှရွှေ့ပါ





ပိုက်ရှည်အားသိမ်းဆည်းခြင်းမရှိပဲကားမောင်းခြင်းကြောင့်ဖြစ်ပေါ်သည့်မတော်တဆမှု